# ရောဂါကူးစက်မှုတားဆီးရေးအတွက် သတိပြုရန်အချက်များ

**ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုတားဆီးရေးအတွက် ပွဲလမ်းနှင့် စားသောက်ပွဲများ ကျင်းပပြုလုပ်ရာတွင် အောက်ပါအချက်များကို သတိပြုပါ။**



နေမကောင်းသည့်အခါ ပွဲလမ်းနှင့် စားသောက်ပွဲများကို မတက်ရောက်ပါနှင့်။



ပိတ်လှောင်၊ ပြည့်ကျပ်၊ ပူးကပ်မှု ဖြစ်လွယ်သည့်နေရာနှင့် ရောဂါကူးစက်မှု တားဆီးရေး အခြေခံကျသည့် ဆောင်ရွက်ချက်များ အသေအချာ လုပ်ဆောင်မထားသည့် ပွဲလမ်းနှင့် စားသောက်ပွဲများ တက်ရောက်ခြင်းကို လျှော့ပါ။ အထူးသဖြင့် လူပြည့်ကျပ်နေသည့်အပြင် ကျယ်လောင်စွာစကားပြောဆိုမှု စသည်များ ရှိသည့် အခမ်းအနား၊ စားပွဲသောက်ပွဲစသည်များ တက်ရောက်ခြင်းကို လျှော့ပါ။




ပွဲလမ်းနှင့် စားသောက်ပွဲများကို တက်ရောက်ရာတွင် တစ်ဦးနှင့် တစ်ဦး သင့်လျော်စွာ ခွာနေပြီး လက်ကို ပိုးသတ်ခြင်း၊ နှာခေါင်းစည်း တပ်ဆင်ခြင်း၊ ကျယ်လောင်စွာ ပြောဆိုမှု ရှောင်ရှားခြင်း စသည့် ရောဂါကူးစက်မှုတားဆီးရေး သင့်လျော်သောဆောင်ရွက်ချက်များကို အသေအချာ လုပ်ဆောင်ပါ။



ရပ်ကွက်အတွင်းနှင့် စားသောက်ဆိုင်တွင် အရက်ကို အများအပြားသောက်ခြင်း သို့မဟုတ် ညဉ့်နက်ချိန်အထိ အရက်သောက်ခြင်း၊ အရက်သောက်ထားပြီး အခမ်းအနားတက်ခြင်း စသည်များနှင့် ပတ်သက်၍ ထို အခမ်းအနား၏ ဘာသာရေး၊ ယဉ်ကျေးမှုဆိုင်ရာ အနေအထားကို ထည့်သွင်းစဉ်းစား၍ တတ်နိုင်သမျှ ရှောင်ရှားပါ။




လိုအပ်ပါက မိသားစုနှင့်တကွ နေအိမ်မှာပင် နေထိုင်ပြီး အွန်လိုင်း ပွဲလမ်းများတွင် ပါဝင်ခြင်း စသည့် စိတ်ပျော်ရွှင်နည်းလမ်းသစ်များကို ရှာဖွေပါ။



ကိုရိုနာဗိုင်းရပ်စ်အမျိုးအစားသစ်ရောဂါ ကူးစက်ခံထားရသည်ဟု သံသယရှိပြီး၊ ဆေးကုသရေး ဌာနသို့ သွားရောက်ပြသချိန်နှင့် ပတ်သက်၍ မရှင်းလင်းသည်များရှိပါက နေထိုင်ရာ ရပ်ရွာ အုပ်ချုပ်ရေးဌာနရှိ ဆွေးနွေးတိုင်ပင်ရေး ကောင်တာ စသည်များသို့ တယ်လီဖုန်းဆက်သွယ်ပါ။

「ありがとう」が感染予防の輪をつくる

内閣官房 Cabinet Secretariat
新型コロナウイルス感染症対策推進室

# တယ်လီဖုန်းဖြင့် တိုင်ပင်ရေး ကောင်တာ

## သက်ဆိုင်ရာ ခရိုင် တိုင်ပင်ရေးကောင်တာ

(ဆေးကုသရေးဌာနတွင် ပြသမှုဆိုင်ရာ သိရှိလိုသည်များ )

- やさしいにほんご (Plain Japanese)
- English
- Português (Portuguese)
- 简体中文 (Simplified Chinese)
- 繁体中文 (Traditional Chinese)
- 한국어 (Korean)

https://www.mhlw.go.jp/stf/newpage_33166.html

## ကျန်းမာရေး၊ အလုပ်သမားရေးနှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန တယ်လီဖုန်းဖြင့် တိုင်ပင်ရေးကောင်တာ

(ရောဂါဖြစ်ပွားမှုအနေအထား၊ အထွေထွေအချက်များဆိုင်ရာ သိရှိလိုသည်များ )

**0120-565-653** (9:00–21:00)

လုပ်ဆောင်ပေးသည့် ဘာသာစကား: English, 中文 (Chinese), 한국어 (Korean), Português (Portuguese), Español (Spanish), ภาษาไทย (Thai), Tiếng Việt (Vietnamese)

# နိုင်ငံခြားသားများအတွက် စားဝတ်နေရေးထောက်ပံ့မှုဆိုင်ရာ သတင်းအချက်အလက် စသည်များ

## နိုင်ငံခြားသား နေထိုင်မှု ထောက်ပံ့ရေးစင်တာ (FRESC)

(လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်မှုစီမံခန့်ခွဲရေးဌာန )

http://www.moj.go.jp/isa/support/fresc/fresc01.html

## နိုင်ငံခြားသားများအတွက် ဘဝနေထိုင်ရေး အထောက်အကူပြု အွန်လိုင်းဆိုဒ်

ဝန်ကြီးဌာန အသီးသီး၏ ထောက်ပံ့ရေး စီမံချက်များနှင့် မြို့ရွာများမှ နိုင်ငံခြားသားများအတွက် ဘဝနေထိုင်ရေးဆိုင်ရာ တိုင်ပင်ရေးကောင်တာ စာရင်း စသည်များကို ဘာသာစကားအလိုက် ဖော်ပြထားသည်။

ပင်မစာမျက်နှာ : http://www.moj.go.jp/isa/support/portal/index.html